## ဒီလိုစီစဉ်ထားတယ်၊

အင်္ဂလိပ်စာရေးတဲ့ နေရာမှာ Grammar မပါရင်မပြီးလို့. . . ထုတ်ဝေပြီးစာအုပ်အားလုံးမှာ Grammar ကို အခြေခံတဲ့. . . စာရေးနည်းကိုရှင်းပြထားတယ်။

*Volume 1* မှာ အခြေခံအကျဆုံးဖြစ်တဲ့ Verb to Be နဲ့ စာရေးတဲ့ ပုံစံတွေစုံအောင် ပေးထားတယ်၊ အဲဒါကအပိုင်း (၁)မှာ၊ အပိုင်း (၂)မှာကျတော့ Ordinary Verb နဲ့ အခြေခံစာရေးနည်းတွေအပြင် Grammar နဲ့ Infinitive ပုံစံတွေပါထည့်ထားတယ်။ အပိုင်း (၃)မှာ Modifiers အကြောင်း အခြေခံလောက် ရေးပေးထားတယ်၊

*Volume 2* မှာတော့ အခြေခံရှိပြီးသူတွေအတွက် စီစဥ်ထားတယ်၊ အပိုင်း (၁)မှာ Modifiers, Phrases နဲ့ Clauses... တွေနဲ့ စာရေးနည်းကို ပြည့်ပြည့်စုံစုံရှင်းပြထားတယ်၊ အခြေခံမရှိရင် မရနိုင်ဘူး၊ Volume 1 နဲ့ တွဲလေ့လာမှရမယ်။ အပိုင်း (၁)နဲ့ (၂)မှာ Sentence ပုံစံအမျိုးမျိုးရေးနည်းနဲ့ Prepositions တွေသုံးပုံ၊ အပိုင်း (၄)မှာ Tenses နဲ့ ကျန်တဲ့အပိုင်းတွေမှာ လက်တွေ့ စာရေးနည်း ဘာသာပြန်နည်းတွေကို ထည့်ပေးထားတယ်။

ခု *Volume 3* မှာကျတော့ (2)မှာနဲ့ လုံးဝမတူတော့ဘူး၊ အခန်း (၁) ကနေ (၄)အထိ Noun, Verb, Adjective, Adverb တွေကို စာရေးတဲ့အခါ ဘယ်လိုသုံးတယ်ဆိုတာကို အသေးစိတ်ပြောပြထားတယ်၊ Noun ဆိုတာဘာလဲ. . . Verb ဆိုတာဘာလဲဆိုတဲ့ Grammar ကို ပြောနေတာမဟုတ်ဘူးနော်၊ စာရေးတဲ့အခါ ဘယ်လိုသုံးတယ်ဆိုတဲ့ ရေးနည်းရှုထောင့်ကပြောနေတာ၊ သမရိုးကျမွဲပြာပုဆိုးမဟုတ်ဘူးဆိုတာ လေ့လာကြည့်ရင်သိမှာပါ။

အခန်း (၅)မှာတော့ စာရေးတဲ့အခါ မသိလို့မဖြစ်တဲ့ Participles အကြောင်း အသေးစိတ်ရှင်းပြထားတယ်၊ နောက်ဆုံးအခန်း (၆)မှာ လက်တွေ့သဘောပေါက်အောင် ဝတ္ထုတိုလေးတွေ ရေးပြထားတယ်။

အာရုံစိုက်ပြီး လေ့လာရမယ့်အခန်းတွေပါတယ်၊ အခြေခံအားနည်းရင်တော့ ခက်နေလေ့မယ်၊ အကြိမ်ကြိမ်ဖတ်ပေး၊ လွယ်လွယ်နဲ့တော့ မရနိုင်ဘူး၊ လနဲ့ချီပြီးအချိန်ယူရမယ်၊ ဒါတောင်ဒီစာအုပ်ထဲမှာ ချိန်ပြီးရေးထားတာ၊ ပြောချင်တာအားလုံးထည့်ပေးရရင် စာအုပ်ကြီးအရမ်းထူပြီး ဖတ်ချင်စိတ်ကုန်သွားလေ့မယ်။

ကဲ. . . ဖတ်ကြည့်၊ လိုတာရှိရင်စာလှမ်းရေးလိုက်၊